LESSON 27

# どれが一番(いちばん)おいしいですか

**Dore ga ichiban oishii desu ka**

ဘယ်ဟာက အရသာအရှိဆုံးလဲ။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

店員(てんいん) ဆိုင်ဝန်ထမ်း : ご注文(ちゅうもん)は?
Gochuumon wa?
ဘာသုံးဆောင်မလဲ။

海斗(かいと) ကိုက်တို : タムさん、何(なに)にする?
Ta˥mu-san, na˥ni ni suru?
တမ်စံ ဘာစားမလဲ။

タム တမ် : どれが一番(いちばん)おいしいですか。
Do˥re ga ichiban oishi˥i de˥su ka.
ဘယ်ဟာက အရသာအရှိဆုံးလဲ။

海斗(かいと) ကိုက်တို : みそラーメンがおすすめだよ。
Miso-ra˥amen ga osusume da yo.
မီစိုးရာမဲန် ညွှန်းချင်ပါတယ်။

タム တမ် : みそラーメン・・・。
Miso-ra˥amen...
မီစိုးရာမဲန်...

悠輝(ゆうき) ယူးကိ : 日本(にほん)のラーメンはおいしいよ。
Nihon no ra˥amen wa oishii yo.
ဂျပန်ရာမဲန်ခေါက်ဆွဲပြုတ်က အရသာရှိတယ်။

ぼくはみそラーメンが好(す)きなんだ。
Bo˥ku wa miso-ra˥amen ga suki˥ nan da.
ကျွန်တော်က မီစိုးရာမဲန်ကို တကယ်ကြိုက်တယ်။

タム တမ် : 私(わたし)、みそラーメンにします。
Watashi, miso-ra˥amen ni shima˥su.
ကျွန်မ မီစိုးရာမဲန်စားပါမယ်။

### ဝေါဟာရ

| | | |
|---|---|---|
| ～にする XXX ကို ရွေးတယ် | どれ ဘယ်ဟာ | 一番(いちばん)～ နံပါတ်တစ်/XXXဆုံး |
| ～ni suru | do˥re | ichiban～ |
| みそラーメン မီစိုးရာမဲန် | おすすめ ညွှန်းချင်တဲ့အရာ | 日本(にほん) ဂျပန် |
| miso-ra˥amen | osusume | Niho˥n |

 ©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

# どれが一番（いちばん）おいしいですか。

**Do⌉re ga ichiban oishi⌉i de⌉su ka.**

ဘယ်ဟာက အရသာအရှိဆုံးလဲ။

အရာပစ္စည်းတွေကနေ တစ်ခု၊ ဘယ်ဟာကို ရွေးရင်ကောင်းမလဲ လို့ မေးချင်ရင် “Dore ga ichiban XXX ka” လို့ မေးရပါတယ်။ “dore” “ဘယ်ဟာ” ဆိုတာ ပစ္စည်းသုံးခုနဲ့အထက် အထဲက တစ်ခုကို ရွေးချယ်တဲ့အခါ သုံးတဲ့ အမေးစကားလုံး ဖြစ်ပါတယ်။ “ichiban” “နံပါတ် ၁” ကို နာမဝိသေသနရဲ့ အရှေ့မှာ ထည့်လိုက်တဲ့အခါ “XXXဆုံး (အသာလွန်ဆုံး)” ဆိုတဲ့ အဓိပ္ပာယ် ဖြစ်သွားပါတယ်။

သုံးကြည့်ကြရအောင်

どれが一番人気（いちばんにんき）がありますか。

**Do⌉re ga ichiban ninki ga arima⌉su ka.**

これがおすすめです。

**Kore ga osusume de⌉su.**

ဘယ်ဟာက လူကြိုက်အများဆုံးလဲ။
ဒီဟာကို ညွှန်းချင်ပါတယ်။




ကြိုးစားကြည့်ရအောင်

**どれが一番（いちばん）～ですか。**　　ဘယ်ဟာက XXX ဆုံးလဲ။

**Do⌉re ga ichiban ～de⌉su ka.**

**①安（やす）い**

yasu⌉i

စျေးပေါတဲ့



**②お得（とく）（な）**

otoku (na)

တန်တဲ့



ဒီကနေ့အတွက် အပိုဆု စကား

**ご注文（ちゅうもん）は?**

**Gochuumon wa?**

ဘာသုံးဆောင်မလဲ။

ဆိုင်ဝန်ထမ်းက အမှာ၊ အော်ဒါ လက်ခံတဲ့အခါ သုံးပါတယ်။ “chuumon” ဆိုတာ “အမှာ၊ အော်ဒါ” လို့ အဓိပ္ပာယ်ရပြီး၊ ဧည့်သည် ဖောက်သည်တွေအပေါ် လေးစားတဲ့အနေနဲ့ အရှေ့မှာ “go” ကို ထည့်ထားတာဖြစ်ပါတယ်။


©NHK WORLD-JAPAN



အစားကြီးတဲ့ ကိုက်တိုရဲ့ အစားအစာမိတ်ဆက်

# ဂျပန်ရာမဲန်ခေါက်ဆွဲပြုတ်

ရာမဲန်ခေါက်ဆွဲရဲ့ မူရင်းက တရုတ်အစားအစာပဲ ဖြစ်ပါတယ်။ ဂျပန်က တမူထူးခြားစွာ ပြောင်းလဲမှုတွေ လုပ်လိုက်ပြီး အခုအခါမှာတော့ ဂျပန်ကို ကိုယ်စားပြုတဲ့စားစရာ တစ်ခု ဖြစ်လာခဲ့ပါပြီ။



©Ramen Tatsunoya

ရှောယုရာမဲန်



ဝက်ရိုးပြုတ်ရည်ရာမဲန်



မီစိုးရာမဲန်



ကြက်ရိုး၊ ဝက်ရိုး၊ ပင်လယ်စာတွေနဲ့ လုပ်ထားတဲ့ စွပ်ပြုတ်ရည်နဲ့ မီစိုးအရသာ၊ ဆားအရသာ၊ ရှောယုအရသာ စသဖြင့် အရသာအမျိုးမျိုး ရှိပြီး၊ ဒေသအလိုက် တမူထူးခြားတဲ့ ပုံစံတွေနဲ့ ဒေသကိုယ်စားပြု ရာမဲန်ခေါက်ဆွဲတွေလည်း ရှိပါတယ်။ ကိုယ်မစားနိုင်တဲ့အရာတွေ ရှိရင်တော့ ပါဝင်ပစ္စည်းတွေကို မေးမြန်းကြည့်ဖို့ လိုပါတယ်။ ဟလာလ်အစားအစာ စားသူ၊ ခတ်မတည့်တတ်တဲ့သူ၊ သက်သတ်လွတ် စားသူတွေအတွက် ပြင်ဆင်ထားတဲ့ ရာမဲန်ခေါက်ဆွဲတွေရတဲ့ ဆိုင်တွေလည်းရှိပါတယ်။

---

အဖြေ
① どれが一番安(いちばんやす)いですか。 Dore ga ichiban yasui desu ka.
② どれが一番(いちばん)お得(とく)ですか。 Dore ga ichiban otoku desu ka.